


勞工處
Labour Department

1/2019

# အလုပ်ရှာဖွေပေးရေးအေဂျင်စီများကို သတိထားပြီးရွေးချယ်ပါ။

# အလုပ်ထောင်ချောက်များကိုဂရုစိုက်သတိရပါ။




勞工處
Labour Department

Myanmar Language Version 緬甸文版本

# နိုင်ငံခြားအိမ်အကူ အလုပ်
# သမားများ (FDHs) သိသင့်သော
# အလုပ်သမားအခွင့်အရေး
# ဟောင်ကောင်တွင်
# အလုပ်လုပ်ကိုင်စဉ်



ပြင်ပ နိုင်ငံခြားအေဂျင်စီများကို အထူးသဖြင့် အလုပ်လွပ်လပ်သောနေရာများ မှန်-မမှန် ရှာဖွေစုံစမ်းသင့်သည်။ အကယ်၍ မသေချာပါက သင်၏နိုင်ငံကောင်စစ်ဝန်ချုပ်ရုံး သို့မဟုတ် သွားရောက်ရမည့် နိုင်ငံ၏ကောင်စစ်ဝန်ချုပ်ရုံးများတွင် ရှာဖွေစုံစမ်းပါ။




## အလုပ်ရှာဖွေရေးအေဂျင်စီနှင့်ဆက်ဆံမှုလုပ်စဉ်တွင်-




လိုင်စင်ရ EAs များကို အလုပ်နေရာချမှုကိုအားပေးပါ။ မသေချာပါက EAs ကုမ္ပဏီများတရားဝင်လိုင်စင်ရှိ ကုမ္ပဏီစာရင်းများကို အလုပ် သမားရုံး (LD) မှ Portal (www.eaa.labour.gov.hk) တွင် ရှာဖွေပါ။

LD မှ EAs များလို်နာရမည့်စည်းကမ်းများ ပြဋ္ဌာန်းဥပဒေထားသည့် EAs များမှလုပ်သင့်နှင့်မလုပ်ရစည်းကမ်းကို ရည်ညွှန်းပါ ၄င်းပြဋ္ဌာန်း ဥပဒေသည် EA တွင်ရရှိနိုင်သည်။




သင်၏မူလ အလုပ်သမားခန့်လွှာစာချုပ်တွင် မမှန်သောအချက်အလက်များ (ဥပမာ။ သင့်လခ သင်၏အလုပ်ရှင်လိပ်စာ စသည်များ)၊ သင် မမှန်မကန်ဖြည့်စွက်ထားက အပြစ်ပေးခြင်းခံရမည်။ ယခင်မူလ အလုပ်သမားခန့်လွှာစာချုပ်ကို သင်လက်မှတ်ထိုးထားသည်ကို သိမ်းဆည်းထားပါ။




သင်လက်မှတ်ရေးထိုးထားရာတွင် နားမလည်ပါက သို့မဟုတ် သဘောမတူပါက မည်သည့်လက်မှတ် သဘောတူညီချက်နှင့် စာချုပ်များကို လက်မှတ်မထိုးမိပါစေနှင့်။






ဟောင်ကောင်တွင် အလုပ်လုပ်ကိုင်စဉ် အသုံးကျမည့်အကြောင်းအရာများကို FDH Portal (www.fdh.labour.gov.hk) မွှေနှောက်တွင်ရှာဖွေပါ။

## အေဂျင်စီများမှနှုန်းထားငွေ




ဥပဒေအတွင်း EAs ဟောင်ကောင်များသည် သင်၏ပထမဆုံးလစာ၏ ၁၀ ရာခိုင်နှုန်းကို ကော်မရှင်(သတ်မှတ်ကော်မရှင်)မျှသာ ကောက်ခံ ခွင့်ရှိသည်။
၄င်းကော်မရှင်ငွေကို သင်မှပထမဆုံးလစာ ထုတ်ပြီးမှပေးပါ။ ကြိုတင်ပေးရန်မလိုပါ။




မည့်သည့်အခြေအနေမဆို EA သည် သင့်အားတိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ အလုပ်နေရာ ချထားပေးခြင်းကြောင့် ပေးသည့် commission နှုန်းထားထက် နောက်ထပ်ငွေတောင်းခြင်း အကုန်အကျစားစရိတ် စသည်များမတောင်းခံရ။



EA သို့ငွေသွင်းပြီးပါက ပြေစာတောင်းရမည်ကို အမြဲတမ်းမှတ်ပါ။ EAs ကိုယ်ပိုင်စာရင်း သို့မဟုတ် ငွေသားပေးသွင်းခြင်းကို EA အလုပ်သမားများထံမပေးသွင်းသင့်ပါ၊ ရှောင်ကြဉ်ပါ၊ သင့်ကိုပြေစာမပေးပါက မည်သည့်ငွေသွင်းခြင်းကို မလုပ်ပါနှင့်။




အေဂျင်စီခငွေကို ငွေချေးကုမ္ပဏီများမှ ငွေမချေးပါနှင့်၊ အကယ်၍ အေဂျင်စီမှ အကြံဉာဏ်ပေး သို့မဟုတ် တောင်းဆိုပါက ငွေချေးခြင်းမလုပ် ပါနှင့်။

## အခြားသိသင့်သောအချက်များ



မူလအလုပ်ခန့်စာချုပ်တွင် ဖေါ်ပြထားသော လုပ်ငန်းရှင်နှင့် ဖေါ်ပြထားသော လုပ်ငန်းရှင်လိပ်စာထံတွင်သာ အလုပ်လုပ်ပေးရမည်။ ပြင်ပဖြစ် သော လုပ်ငန်းရှင်လိပ်စာ (စာချုပ်တွင်ပါ) မဟုတ်ပါက သို့မဟုတ် အေဂျင်စီမှတစ်ခြားအလုပ်လုပ်ခိုင်းပါက လုပ်ခွင့်မရှိကြောင်းသိစေပါသည်။




မည်သူမျှ ဥပမာ-- EAs အေဂျင်စီနှင့်အလုပ်ရှင်များမှသင်၏ကိုယ်ပိုင်ပစ္စည်းများ Passport-Hong Kong မှတ်ပုံတင်ကတ်ပြားနှင့်--များကို သင်သဘောမတူဘဲယူဆောင်ခြင်း ထိန်းသိမ်းကိုင်ဆောင်ထားခြင်းမပြုလုပ်ရ။

## သင်၏ကိုယ်ပိုင်အခွင့်ရေးများကို ထိခိုက်မှုရှိလာပါက


သင်အားအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ ငွေပိုမိုကောက်ခံခြင်း သို့မဟုတ် ၄င်းEA သည် လုပ်ပိုင်ခွင့်လိုင်စင်မရှိပါကချက်ခြင်း အလုပ်သမားရုံးသို့ တိုင်ကြားပါ။
အလုပ်သမားရုံး တယ်လီဖုန်း ၂၁၁၅ ၃၆၆၇ ရုံးချိန်အတွင်း သို့မဟုတ်
Email: ea-ee@labour.gov.hk



ပြည်တွင်းပြည်ပအိမ်အကူရေးရာနှင့်ပတ်သတ်ပြီးဟောင်ကောင်နိုင်ငံအတွင်း အလုပ်ခန့်အပ်မှုဆိုင်ရာအကြောင်း သိရှိလိုပါက သို့ တိုင်ကြားလိုပါက ၂၄နာရီ hotline နံပါတ် ၂၁၅၇ ၉၅၃၇ ကိုခေါ်ဆိုပါ။ (hotline ကို "1823" မှ စီမံခန့်ခွဲပါသည်။)

သင့်အား ကိုထိလက်ရောက်စော်ကားမှု သို့မဟုတ် ညှင်းပန်းနှိပ်စက်မှုခံရပါက သင့်အသက်လုံခြုံရေးသည် အန္တရာယ်ရှိနေသည် ရဲအရေးပေါ် ၉၉၉ သို့ချက်ခြင်းဆက်သွယ်ပါ။




သင့်အားတရားမဝင်သော ဟောင်ကောင်ပြင်ပတွင် အလုပ်ပေးခြင်းဖြစ်ပါက လူဝင်မှုကြီးကြပ်ရေးဌာန ၂၈၂၄ ၆၁၁၁ သို့ဖုန်းခေါ်ပါ။

